# ဝိဝဋ္ဋပကာသနီ

# ပါရမီလမ်းညွှန်

ဆရာထွေး
အရိယာဝံသ သာသနာပြု ဓမ္မကထိက
ရေးသည်။

(ဆရာထွေး မူပိုင်)

မည်သူမဆို ဓမ္မဒါနပြုလိုပါက ရိုက်နှိပ်လှူဒါန်းခွင့် ပြုပါသည်။

Generated by CamScanner from intsig.com

# ဝိဝဋ္ဋပကာသနီ

# ပါရမီလမ်းညွှန်

---

ဆရာထွေး

အရိယာဝံသသာသနာပြုဓမ္မကထိက

ရေးသည်။

Generated by CamScanner from intsig.com

# လှူဒါန်း ဖြန့်ဝေသူ၏ ရည်ရွယ်ချက်။

ပညာပသတ္ထာ လောကသ္မိံ ပညာနိဗ္ဗေဓ ဘာဂိနီ၊
ပညာသံဝဍ္ဍနတ္ထာယ၊ ဣမံ နော ဒေမ မင်္ဂလေ။

လောကသ္မိံ၊ ဖြစ်ပြန် ပျက်ပြန် ရုပ်နှင့်နာမ်ကို၊ သဉ္ဇာန်သမူဟ မည်နာမနှင့်၊ ဃနတလီ၊ ဂါဟမှိုလျက်၊ လောကီခေါ်ရ၊ ဤလောက၌ ပညာ နိဗ္ဗာန်ဆုံးတိုင်၊ မြင်စွမ်းနိုင်သော၊ မဂ်ပညာ, ဖိုလ်ပညာကို၊ ပသဏ္ဍာ - ဗုဒ္ဓအရိယာ သူတော်စွာတို့ ကောင်းစွာပုံသေ ချီးမွမ်းတော်မူကြလေကုန်၏။ ပညာ- လက္ခဏာသုံးရပ် ကိုယ်မှာကပ်လျက်၊ သုံးသပ် ဆင်ခြင်ဆဲ ဖြစ်သော၊ ဝိပဿနာ ပညာသည်ကား။ နိဗ္ဗေဓ ဘာဂိနီ ရုပ်ခဲ, နာမ်ခဲ အတ္တစွဲကို ဖေါက်ခွဲပိုင်ပိုင် ချိုးဖျက်နိုင်သော စွမ်းအားရှိပါပေ၏။ တသ္မာ – ထိုကြောင့်။ ပညာသံဝဍ္ဍနတ္ထာယ၊ ဝိပဿနာ မဂ်ပညာနှင့်၊ တဖြာဖိုလ်ဉာဏ် ရင့်သန်တိုးပွား မြတ်ဗုဒ္ဓ သာသနာတော် အကျိုးများစေခြင်းငှါ။ နော အမှာကံ- ရုပ်နာမ်နှစ်ခု ဒုက္ခစုကို ငါဟု သမုတ် အကျွန်ုပ်တို့၏။ မင်္ဂလေ၊ သ မိုးမျက်ရှင် သား ရွှေစင်တို့ကို ရှင်ပြုနားသ သာသနာ့ဂုဏ်မင်္ဂလာဆင်ယင်ရာ ဤပွဲကြီး၌ ဣမံ၊ ဗုဒ္ဓကိုယ်စား ကြည့်ရှုတိုင်းပေါ်မည့် ဗုဒ္ဓကိုယ်စလှယ် ဤကျမ်းငယ်ကို၊ ဒေမ- သဒ္ဓါ ပညာ စေတနာညီမျှ ပုဗ္ဗဂ်မဖြင့်၊ ဝေငှ လှူဒါန်း လိုက်ပါကုန်၏။ ဒေမ၊ မဂ်ဖိုလ်နိဗ္ဗာန် ရည်သန် ရွယ်စူး ကုသိုလ်ထူးမို့ ရှင်ဖြူးသဒ္ဓါ လှူဒါန်းဝေငှလိုက်ပါကုန်၏။

# အလှူ့အမ - အလှူ့ဒကာ စစ်တမ်း။

## သမုတိသစ္စာ

ပွဲထဲကသူဌေး – ပွဲထဲက ရှင်ဘုရင်တို့သည်၊ သူ့ဇာတ်ကွက်တွင် သူဌေး ရှင်ဘုရင်မှန်ကြသော်လည်း၊ ပွဲပြင်ပသို့ ရောက်ကြသောအခါ သူဌေးစစ် , ရှင်ဘုရင်စစ် မဖြစ်နိုင်သကဲ့သို့၊ အလှူ့တကာမည်သူ၊ အလှူ့အမ မည်ဝါဟု ခေါ်ကြရသည်မှာလည်း။ သမုတိသစ္စာနယ် အန္ဓပုထုဇဉ်တို့၏ ပွဲသဘင်အလယ်မှာသာ တကယ် မှန်ပါသည်။

## ပရမတ္ထသစ္စာ

ပရမတ္ထသစ္စာ၊ ပွဲပြင်ပသို့ ထုတ်၍ကြည့်သော အခါတွင်ကား၊ စေတနာဟံဘိက္ခဝေကမ္မံ ဝဒါမိ ပါဠိအရ စေတနာ (သင်္ခါရက္ခန္ဓာ တရား သည်သာလျှင် – အလှူ့ဒကာ အစစ်, အလှူ့အမ အစစ် ဖြစ်ကြောင်း စေတနာမှတပါး၊ အလှူ့ဒကာ သီးခြား, အလှူ့အမ သီးခြား မရှိကြောင်း တွေ့ရလေတော့သည်၊ အဘယ်ကြောင့် ဆိုသော် လှူလိုသောစေတနာ ( သင်္ခါရက္ခန္ဓာ ) ဖြစ်ပေါ်မှသာလျှင် အလှူ အောင်မြင်၍၊ လှူလိုသော စေတနာ မပေါ်လာက၊ အလှူ့ဒကာ အလှူ့အမဟုခေါ်စရာရှာမရခေါ်၍မဖြစ်နိုင်သောသဘာဝကြောင့် ပေတည်း၊ ထိုကြောင့် – စေတနာ ( သင်္ခါရက္ခန္ဓာ ) သည်သာလျှင် အလှူ့ဒကာ အလှူ့အမအစစ်ဖြစ်ကြောင်း ဗုဒ္ဓအလိုတော်ကျ၊ ပရမတ္ထသဘာဝအားဖြင့်ကောက်မှတ်ယူကြရမည်မှန်လည်းမှန်ပါသည်။

## အရိယသစ္စာ

တဖန် – သမုတိ, ပရမတ် သစ္စာနှစ်ရပ်ဖြင့် ဝေဘန်ပြဆိုအပ်ခဲ့ပြီးသော အလှူ့အမ–အလှူ့ဒကာတို့ကို၊ အရိယသစ္စာ၊ အရိယာ



စစ်တမ်းဖြင့် စီစစ်ပြန်သောအခါ၊ အလှူ တခုခု အောင်မြင်မှုတွင်- ပထမလက်ဦးဆုံး စတင် ပေါ်ထွက်လာသော ပုဗ္ဗစေတနာ၊ တဖန် အလှူဝတ္ထုကို အလှူခံ လက်သို့ စွန့်လွှတ်ဆဲ ကာလ၌ ဖြစ်ပေါ်လာသော-မုဥ္စစေတနာ အလှူဝတ္ထုကို စွန့်လွှတ်ပြီး, လှူပြီးနောက်၌ ဖြစ်ပေါ်လာသော ဝမ်းမြောက်ကြေနပ်မှု (သို့မဟုတ် အချို့ ဗာလန များအတွက် အလှူကြွေးထူ၍ ပူပန်မှု ) ပရစေတနာ၊ ဤ စေတနာ သုံးရပ်ကြောင့်သာလျှင် အလှူ့ဒကာ မည်သူ၊ အလှူ့အမ မည်ဝါ၊ ဟူသော ဝေါဟာရပညတ် ပေါ်လာရခြင်း ဖြစ်ကြောင်း တွေ့ရသည်၊ ဤကိုကား ငြင်း၍မရပါ။

ပြဆိုခဲ့သော စေတနာသုံးရပ် တို့သည်လည်း၊ တပြိုင်နက်ထည်း အတူတကွဖြစ်ပေါ်နိုင်ကြသည်မဟုတ်ကုန် "သဗ္ဗေသင်္ခါရာအနိစ္စာ" အရ မြဲမြံနိုင်ခန့်သော သဘောလည်း မဟုတ်ကြကုန်၊ ဖြစ်ပေါ်ရာ ကာလ အားဖြင့်လည်း တခုနှင့် တခု အလွန် ကွာခြားကြလေသည်၊ မလှူမီ ရှေးဦးစွာ ဖြစ်ပေါ်လာသော - ပုဗ္ဗ စေတနာသည် မလှူမီ ကာလကပင် ပျက်စီး ချုပ်ပျောက် အနိစ္စ ရောက်ခဲ့ပါပြီ၊ လှူဆဲ ဖြစ်သော-မုဥ္စစေတနာသည်၊ လှူဆဲကာလမှာပင် ဖြစ်ပေါ်ချုပ်ပျောက် အနိစ္စ ရောက်ပါသည်၊ လှူပြီးနောက်-ဝမ်းမြောက် (ပူပန်)သော ပရ စေတနာသည် ဖြစ်ပေါ်ဆဲ မှာပင် ချုပ်ဆိုး ကွယ်ပျောက် - အနိစ္စ ရောက်ပါသည် ဟုတ် မဟုတ် စဉ်းစားပါ။

စေတနာ သုံးမျိုးမှ တပါးလည်း၊ အလှူ့အမ အလှူ့တကာ ဟူ၍ ပြစရာ သီးခြားမရှိ , လုံးဝမရှိ၊ ဖြစ်ပေါ်သော စေတနာများ ကလည်းမမြဲသော အနိစ္စတရားမျိုးတို့သာဖြစ်ကြသည်၊ ထိုမမြဲသော စေတနာ (အနိစ္စ) တရားတို့သည် ချမ်းသာသော သုခတရား ဖြစ်နိုင် ပါမည်လား။ ထိုမြဲလည်းမမြဲ ချမ်းသာသုခစစ်လည်း မဟုတ်သော



Generated by CamScanner from intsig.com

စေတနာတရားတို့သည် ငါသူတပါး ယောက်ျား မိန်းမ လူနတ်ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာ အစိုးတရ အနှစ်သာရ အတ္တဇီဝ ဖြစ်နိုင်ပါမည်လား ကြပ်ကြပ် စဉ်းစားပါ။

## နိဗ္ဗာန်မြင်ရန် အချေခံ။

အထပ်ထပ် အပြန်ပြန် ဝေဘန်စဉ်းစား၍၊ အလှူ့အမ-အလှူ့တကာဟု သမုဋ္ဌာန်တင်ရသော စေတနာ သင်္ခါရက္ခန္ဓာ တရားတို့၏- မမြဲပုံ မမြဲသဖြင့်၊ ချမ်းသာသုခကင်းပုံ၊ မြဲလည်းမမြဲ ချမ်းသာမှုလည်း မဟုတ်သေးကြောင့်၊ ငါစိုး ငါပိုင် ငါဆိုင် ငါ့ဥစ္စာ အနုဖြစ်ဖြင့် စွဲယူစရာ အနှစ်သာရ၊ အတ္တ အတ္တနိယ ကင်းမဲ့ပုံ အနတ္တ အချက်တိုင်အောင်၊ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ထွင်းဖေါက်၍သိမြင်ပါလျှင် တသံသရာလုံးက၊ ငါ ငါ့ဟာ ငါ့အလှူ စသည်ဖြင့် လွဲမှားမှတ်ယူလာခဲ့သော (မိစ္ဆာဒိဋ္ဌိ) အစွဲမှား, အမှတ်မှား, အယူမှားတွေမှ ကင်းလွတ်ကာ အရိယာနယ်ထဲသို့ ဝင်ရောက်နိုင်ပါလိမ့်မည်။ ပြုပြုသမျှသော -ဒါနမှု, သီလမှု စသည်တို့သည်လည်း ပါရမီမြောက် နိဗ္ဗာန်ပေါက်-ဒါန သီလ ဖြစ်ကြပါလိမ့်မည်။

သိ ပယ် ဆိုက် ပွား လေးပါးကိစ္စ အပိုင်ရအောင် စေတနာဓမ္မကို အဖန်ဖန် သုံးသပ်ကြသဖြင့်၊ မမြဲ ဆင်းရဲ အစိုးမရသောတရားတို့မှ ကင်းလွတ်ရာပါရ နိဗ္ဗာန်ကို အခါမလင့် မနှေးဖင့်ဘဲ အသင့် လွယ်ကူစွာ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။



# နိဒါန်း

၁၃၂၅ - ခု ပြာသိုလပြည့်ကျော် ၄ ရက်နေ့ ကျောက်ဆည်ခရိုင် ဖျောက်ဆိပ်ပင်ရွာနေ အလှူ့ဒါယကာ ဦးအုပ် ဒေါ်စော ဦးကံညွန့်- ဒေါ်ခွေးဖြူ၊ မောင်ကံထွန်း-မတင်မြင့် တို့က အလှူမင်္ဂလာ ပွဲသို့ ကြွရောက်လာကြသော ပရိတ်သတ် များအား သံသရာဒုက္ခမှ လွတ်မြောက်ပြီး နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်၏ အထောက်အပံ့ ဖြစ်စေနိုင်သည့် (ဝိဝဋ္ဋပကာသနီလမ်းညွှန်) အမည်ရှိ ဤ စာအုပ်ကို ဓမ္မဒါနအဖြစ် လှူဒါန်းပါကြောင်း။

★

## ရတနတ္တယ ပဏာမ

မရပ် မနား ရဟတ်ချားကဲ့သို့ အမြဲ လည်ပတ်လျက် ရှိသော သံသရာစက်ရဟတ်ကို မဂ်အရဟတ္တဖြင့် ခုတ်ချိုင်ကာ၊ အရဟတ္တဖိုလ် ပညာဝိမုတ္တိ နိဗ္ဗာန် ချမ်းသာကို အပိုင်ရတော်မူပြီးသော မြတ်စွာဘုရားအား၎င်း၊ သံသရာ စက်ရဟတ်ကြီးကို အပြီးတိုင် ဖျက်ဆီးနိုင်ကြောင်း ဖြစ်သည့် စင်ကြယ်လှစွာသော-မဂ်ပညာ, ဖိုလ်ပညာအား၎င်း၊ နောင်ဘဝသစ်၌ ဖြစ်လိုသော အာသာဆန္ဒကို ကောင်းစွာ လုံးဝ ပယ်ဖြတ်တော်မူကြပြီး ဖြစ်သော ထို မြတ်စွာဘုရား၏ ရှေ့ရင်တော်နှစ် သားတော်စစ်,သမီးတော်စစ်ဖြစ်တော်မူကြသော အရိယာ သံဃာတော်မြတ်များအား ၎င်း၊ ကောင်းမြတ်သော စိတ်ထားဖြင့် လေးစားရိုသေစွာ ပဏာမပြုလိုက်ပါကုန်၏။

Generated by CamScanner from intsig.com

## သံသရာအဓိပ္ပါယ် ရှင်းတမ်း

**သံသရာဆိုသည်မှာ** ≕ သံ ပုနပ္ပုနံ သရန္တိ ဂစ္ဆန္တိ သံသရာ၊ ဟူသည့်အဘိုင်းအဖန်ဖန် မရပ်မနားဘဲရဟတ်ချားကဲ့သို့ လှည့်သွားနေရမှုကို သံသရာဟု ဆိုပါသည်။

**သံသရာနှစ်မျိုး** ≂ ပုထုဇဉ်အရာ သမုတိသံသရာနှင့် အရိယာတို့၏ အရာ၊ ပရမတ္ထ သံသရာဟူ၍ သံသရာ နှစ်မျိုး နှစ်စား ခွဲခြားနိုင်သည်။

**သမုတိနယ် သံသရာသုံးသွယ်** – ပုထုဇဉ်အလယ် သမုတိနယ်တွင် – ငရဲ ပြိတ္တာ ခအောက်သံသရာ၊ လူနတ်ဗြဟ္မာ အလယ်သံသရာ၊ ဗြဟ္မာ့ခန္ဓာ အထက်သံသရာဟူ၍ သုံးမျိုးသုံးစား ပိုင်းခြားသတ်မှတ်ကြပုံနိသည်။

**သမုတိသံသရာ ချား ရဟတ် ကဲ့သို့ လည်ပတ်နေပုံမှာ** – မျက်စိကမ်းများ လမ်းသွားသောအခါ၊ လမ်းကောင်းရော်လိုက်, လမ်းဆိုးချောက်လိုက်၊ ကုန်းပေါ် တက်လိုက်, ချောက်ထဲ ကျလိုက် ဖြစ်နေဘိသကဲ့သို့၊ အရိယာတို့၏ အဆုံးအမကို မရ၍ အရိယသစ္စာ ဓမ္မကို–မသိကြသေးသော၊ အန္တဗာလ၊ပုထုဇဉ်အမိုက်အကန်းတို့မှာလည်း ပကတိမျက်စိကန်းပမာ၊ သမုတိသံသရာ၌-ဗြဟ္မာတလှည့် ခါတလှည့်၊ သိကြားတလှည့်,နွားတလှည့်၊ ရှင်ဘုရင်တလှည့်,ဆင်တလှည့် သူဌေးတလှည့်,ခွေးတလှည့်၊ ယခုဘဝမှာ သူဌေးသား နောက်ဘဝမှာ ဒွန်းစဏ္ဍား သူတောင်းစား၊ နတ်သိကြား ဖြစ်တော့ နတ်သုဒ္ဓါ၊ နွားဖြစ်သောအခါ မြက်တောမှာ၊ သူဌေးဖြစ်တော့ ဇိမ်များများ၊ ခွေးဖြစ်ပြန်တော့ ချေးကိုစား.နွားဖြစ်ပြန်တော့ ဦးချိုဝင့်, ငှက်ဖြစ်ပြန်တော့ အတောင်နှင့်၊ သိကြားဖြစ်တော့ နားကင်းနှင့်၊ နဂါးဖြစ်တော့



အစွယ်နှင့်၊ ဘယ်ဘုံ-ဘယ်ဘဝ-ဘယ်ဌာနမှာမှ ရပ်နားခွင့်မရှိ၊ အောက်အဝီစိမှ အထက်ဘဝဂ်၊ အထက်ဘဝဂ်မှ အောက် အဝီစိ၊ လောကီကုသိုလ်ကံအရှိန်ရှိတုံး-အထက်သို့ ရောက်၊ ကုသိုလ်ကံအရှိန်ကုန်ပြန်တော့ အောက်သို့ကျ၊ ခွေးဖြစ်တော့ ခွေးလိုသေ , နွားဖြစ်တော့ နွားလိုသေ , ဘယ်ဘဝမှ အသေမလွတ်၊ ခြေရာချင်းထပ် နားရွက်ရာချင်း စပ်ခဲ့လှပြီ၊ သင်္ချိုင်းရာချင်း ထပ်ခဲ့လှပြီ၊ သို့ရာတွင် ငမိုက်သားပုထုဇဉ် အကန်းများကား.... ယခု လက်ရှိဘဝ သေရမည့် အရေးကိုလည်း အလွန် ကြောက်သည်၊ နောင်ဘဝ လူကောင်း, နတ်ကောင်းဘဝကောင်းဖြစ်ရပါလို၏ ဆိုပြီးတော့လည်း မရ မရောက်သေးသည့်ဘဝအတွက် သေဘေးကိုလည်း ငွေပေးဝယ်ပြန်သည်၊ နောင်ဘဝခေါင်းဘိုးစရိလည်း ယခုကပင် မြှုပ်နှံထားကြ ပြန်သည်၊ အလွန်မိုက်တွင်းနက်သော မိုက်မဲမှုကြီးပါတကား။

## သံသရာသုံးသွယ် စဉ်းစားဘွယ်

သံဒယ်အိုး , ငွေဒယ်အိုး , ရွှေဒယ်အိုး , ဒယ်အိုး သုံးလုံးထားတန်ဘိုးချင်း အလွန်ခြားနား၏၊ ငြင်းဆိုစရာမရှိ၊ သံဒယ်အိုးက–ငရဲပြိတ္တာ၊ ငွေဒယ်အိုးက - လူနတ်ခန္ဓာ၊ ရွှေဒယ်အိုးက – ဗြဟ္မာ့ခန္ဓာ၊ ဥာမာ ဥပမေယျ တန်ဘိုးချင်း ယှဉ်၍ ပြလျှင်၊ ငရဲ ပြိတ္တာအတွက် – အကုသိုလ်ကံ ဆယ်ပါး၊ လူ နတ် ခန္ဓာအတွက်–ကာမာဝ စရကုသိုလ်ဆယ်ပါး၊ ဗြဟ္မာ့ခန္ဓာ အတွက် - မဟဂ္ဂုတ်ကုသိုလ် ကိုးပါး၊ ပေါင်း (**သာသနာပ လောကီကံ ၂၉-ပါး**) ဤသို့အားဖြင့် သူ့တန်ဘိုးနှင့် သူ့ဒယ်အိုး၊ အရင်းအနှီး အမျိုးမျိုး၊ လောကီသာသနာပ ဝိဋ္ဋဇာကမ္မနယ်တွင် တကယ်ခြားနားပါ၏ ခြားနားပုံကိုလည်း ယုံပါ၏။

**ပွက်ပွက်ဆူခနေသော ဒယ်အိုး သုံးလုံးတွင် – ဘယ် ဒယ်အိုးထဲ** ဆင်းမလဲ ? မြတ်ဗုဒ္ဓ၏ နိယျာနိက ( သာသနာတွင်း စတုသစ္စ

သမ္မာဒိဋ္ဌိ အရိယသစ္စာ)နယ်အရ ရှင်းပြရသော်ကား....သံ, ငွေ, ရွှေ တကယ်ထင်ရှား သုံးလုံးသော ဒယ်အိုးများကို မီးဖိုပေါ်တွင် တည်ထားပါ၊ ရေအပြည့်ထည့်၍ မီးပြင်းထိုးပါ ပွက်ပွက်ဆူဝေ အခိုးအငွေ့တွေ ထနေသောအခါ ထိုဒယ်အိုးများထဲသို့ ဆင်းကြည့်ပါ၊ ဘယ်ဒယ်အိုးက ချမ်းသာခွင့်ရမလဲ စဉ်းစားကြည့်ပါ၊ သံ–ငွေ-ရွှေ တကယ် ခြားနားသော်လည်း ပူလောင်မှု သဘောမှာ တရွေးသား, တပဲသား ခြားနား ပါမည်လား၊ အရိယသစ္စာန ဒဿန မင်္ဂလာ မြတ်ဗုဒ္ဓ၏ နိယျာနိက သာသနာတော်တွင်း အလိုမှာလည်း၊ ငရဲ ပြိတ္တာ လူ နတ် ဗြဟ္မာဟု သမုတ်ရစေကာမူ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဇာတိဇရာ မရဏ စသော ပူလောင်အရာတွင် တရွေးသား, တပဲသား မခြားနား ( **ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ** ) ဟု သယမ္ဘူ။ မြတ်ဘုရားက ဟောတော်မူခဲ့ပါသည်၊ ဤကား-အရိယသစ္စာ အမြွက်မျှ ဖြစ်ပါသည်။

ဤမျှတိုင် မဟာ ကရုဏာတော်သခင် ဘုရားရှင်က သွန်သင် ဖော်ပြဆုံးမတားမြစ်တော်မူခဲ့ပါလျက်ကယ်နှင့် ကြိုက်ကြိုက်ဆူဝေ အပူခိုးတွေထနေသော အပူအိုးကြီးတွေကို လူကောင်း,နတ်ကောင်း, ဘဝကောင်း ရွှေအိုး , ငွေအိုး အမှတ်ဟောင်းနှင့် ဆုတောင်း ခုန်ချ အသေဇာတ် ခင်းနေကြသည်မှာ သာသနာတော် အစစ်နှင့် မတွေ့ သာသနာပနေ ကွယ်နေ၍ဟု ဆိုရန်မှတပါး အခြားအကြောင်းမမြင် တော့ချေ။

**ပရမတ္ထ သံသရာဆိုသည်မှာ** — ခန္ဓာနဉ္စ ပဋိပါတိ ပါဠိအရ ငရဲ ပြိတ္တာ လူ နတ် ဗြဟ္မာ မခွဲခြား ဘယ် အတ္တဘောမှာဘဲ ဖြစ်ဖြစ် ပရမတ္ထအားဖြင့် ခဏခဏ ဖေါက်ပြန် ပြောင်းလဲမှု , အာရုံခံစားမှု , မှတ်သားမှု . ပြုပြင်ဖန်တီးမှု , သိနားလည်မှုဟု ဆိုအပ်သော ခန္ဓာ



ငါးပါးတို့၏ အစဉ်တစိုက် ဖြစ်ပေါ်ချုပ်ပျောက် နေမှုနှင့်တကွ၊ ဓါတ် အာယတနစသည်တို့၏ ဆက်ကာဆက်ကာတခုပြီးတခုအစဉ်တစိုက် မြစ်ရေစီးသလို ဖြစ်ပေါ်လိုက် ချုပ်ပျောက်လိုက် ဖြစ်နေမှု အစဉ်မျှ ကိုသာ သံသရာဟု ပေါ်ပါသည်။ ။သံသရာရှင်းတမ်းပြီး၏။

## ဘုရား-တရား–သံဃာ–ရှင်းတမ်း

**ဘုရားဆိုသည်မှာ** — သမုတိသံသရာ ပရမတ္ထသံသရာ အောက် သံသရာ အလယ်သံသရာ အထက်သံသရာ သစ္စာဖွဲ့လျှင်၊ ဒုက္ခသစ္စာ သက်သက်သာဖြစ်သော အဆက်မပြတ် အစမထင် အဆုံးမရ လည် ပတ်နေသည့်သံသရာစက်ရဟတ်ကိုအဆက်ပြတ်အောင်တုံ့ရပ်အောင် အပြီးတိုင်ပယ်ဖြတ်နိုင်သောအရဟတ္တမဂ်အရဟတ္တဖိုလ် ဉာဏ်တော် မြတ်ကိုသာလျှင်တနည်း-တလောကလုံးကို အကုန်အစင် ဒုက္ခသစ္စာ အဖြစ်ဖြင့် သိမြင်တော်မူသော သဗ္ဗညုတ ဉာဏ်တော်မြတ်ကိုသာ လျှင်-ဗုဒ္ဓဓာတ်၏အရ သဒ္ဒတ္ထအားဖြင့် ဆတ်ဆတ်မုချ ပါနိမရော ရောမရော ဘုရားအစစ် ဟု ခေါ်ပါသည်။ ( **ယာဝကီဝဉ္စမေ** ) အစ ရှိသော ဓမ္မစကြာ ဒေသနာတော်ကိုလည်း ထောက်မျှော်ပါ ခန္ဓာ ပဉ္စကဖြစ်သော ဒြဗ်တော်မှာကား-ထိုဉာဏ်တော်မြတ် မုချ ဘုရား၏ တည်ရာ မှီရာဋ္ဌာနူ ပစာရတ္ထအားဖြင့် တင်စား၍ ဘုရားဟု ခေါ်ရ သော တပစ္စည်းအရ စေတီတော်မျှသာ ဖြစ်ပါသည်၊ ဤသို့လည်း စေတီနှင့် ဘုရားကို ခွဲခြား၍ သိပါလေ။

**တရား ဆိုသည်မှာ** — အို , နာ , သေ , ပျောက် ဒုက္ခရောက်မဆုံး ဒုက္ခတုံး ဒုက္ခအတိ ဒုက္ခတွေချည်း လည့်ပတ်နေသော သံသရာ စက် ရဟတ်ကို တုံ့ရပ်အောင် ချိုးဖြတ်ကြောင်း ကောန်ဖြစ်သော နိယျာနိက-ဝိဝဋ္ဋ-ပါရမီ-ဗောဓိပက္ခိယ-အနှစ်အဆီများကိုသာ မြတ်ဗုဒ္ဓ၏ အလိုတော်အရ တရားတော်ဟု ခေါ်သည် မှတ်ပါ။

Generated by CamScanner from intsig.com

**သံဃာတော် ဆိုသည်မှာ** — သံသုဋ္ဌု ကိလေသေ ဟနေန္တီတိ သံဃော၊ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ။ ကျိန်စာကို ရွတ်ဖတ်၍ သံသရာစက်ရဟတ်ကို တုံ့ရပ်အောင် ပယ်ဖြတ်တော်မူကြသော နောင်ဘဝသစ်၌ ဖြစ်လိုမှုအာသာ ကုန်ပြတ်သည့် သံဆိန္နကပုဂ္ဂိုလ် မြတ်ကိုသာ မြတ်ဗုဒ္ဓ၏ အလိုတော်ကျ သံဃာတော် ဟု ခေါ်သည် မှတ်ပါ၊ ဤကား—ပဏ္ဏာမဆိုင်ရာ သိမှတ်ဘွယ်များ ဖြစ်ပါသည်။

## ပါရမီဆိုင်ရာ သိမှတ်စရာများ

ဒါနပါရမီ သီလပါရမီ နိက္ခမပါရမီ ပညာပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ မေတ္တာပါရမီ အဓိဋ္ဌာန်ပါရမီ ဥပေက္ခာပါရမီ ဤကား ပါရမီဆယ်ပါး ဘုရားလမ်းစဉ် ဖြစ်ပါသည်။

**ပါရမီအဓိပ္ပါယ်** — ပါရ သံသရာ ဟိုဘက်ကမ်း ( ဝဋ်ကင်းရာ ဝိဝဋ္ဋဋ္ဌာန )အမတနိဗ္ဗာန် မိ. ရောက်ရန်အကြောင်း၊ ပါရမီ သံသရာ ဟိုဘက်ကမ်း၊ ဝဋ်ကင်းရာ ဝိဝဋ္ဋဋ္ဌာန အမတနိဗ္ဗာန်သို့ ရောက်ရန် အကြောင်း ဟု အဓိပ္ပါယ်ရသည်၊ ဖေါ်ပြပါ ဆယ်မျိုးလုံး သံသရာ ဟိုဘက်ကမ်း ဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းတွေချည်း ဖြစ်၍ ဆယ်မျိုးလုံး နောက်ဆွယ်တွင် ပါရမီသဒ္ဒါ ကိုယ်စီပါသည်ကို သတိပြုပါလေ။

**ပါရမီ၏ ဆန့်ကျင်ဘက် တရားများ** — ဟိုဘက်ကမ်း၏ ဆန့်ကျင်ဘက်သည် ဤဘက်ကမ်းဖြစ်၏ ဤဘက်ကမ်းကို ပါဠိဘာသာဖြင့်(ဩရ)ဟု ခေါ်သည်၊ သံသရာ၏ ဤဘက်ကမ်း ဝဋ်နခမ်း (ဝဋ္ဋနိဿိတ ) ဝဋ်မျိုးစေ့ ဟု ဆိုလိုသည် ဩရသဒ္ဒါ၏ နောက်ဆွယ်၌ (ဘာဂိယ)သဒ္ဒါတွဲ၍၊ ဩရမ္ဘာဂိယဒါ, ဩရမ္ဘာဂိယသီလစသည်ဖြင့် — မြတ်ဗုဒ္ဓ ဟောတော်မူခဲ့သည်၊ ဘာဂိယသဒ္ဒါ အဖို့အစု ဟု



အဓိပ္ပါယ်ရသည်၊ သံသရာ ဤဘက်ကမ်း ဝဋ်နခမ်း ( ဝဋ္ဋနိဿိတ ) ဝဋ်မျိုးစေ့ အဖို့အစု ဝဋ်မှု ဝဋ်နွယ် ဝဋ်မြစ်တွယ်၍၊ သံသရာရှည်မှု ယုတ်ညံ့သော ဒုက္ခသစ္စာ အဖို့အစုကို ဩရမ္ဘာဂိယ ဆိုသည်။

သံသရာဝဋ်စက်က- လွတ်ထွက်ကြောင်းမဟုတ်သော အကုသိုလ် ဆယ်ပါး၊ ကာမာဝစရကုသိုလ် ဆယ်ပါး၊ မဟဂ္ဂုတ်ကုသိုလ် ကိုးပါး နှင့်တကွ ပုညကိရိယဝတ္ထု ဆယ်ပါး စသော လောကီကုသိုလ်မှု , အကုသိုလ်မှု အားလုံးကို ဩရမ္ဘာဂိယ ( သံသရာ ဤဘက်ကမ်း ဝဋ်နခမ်း ဝဋ်မျိုးစေ့ )တရားဟု မြတ်ဗုဒ္ဓ ဟောတော်မူခဲ့သည်၊ ဘဝကောင်းရန် , ငါကောင်းချန် ဟု ယုတ်ညံ့သော အကြောင်းခံသမျှ ဒါန-သီလ-သမထ အားလုံးတို့သည် ဘုရားမကြိုက်သော ဩရမ္ဘာဂိယ ဝဋ်မျိုးစေ့များသာ ဖြစ်ကြပါသည်။

ဘဝသုံးတန် မရည်သန်ဘဲ (ဣဒံမေပုညံ အာသဝက္ခယံ ဝဟံ ဟောတု)ဟု ပြုပြုသမျှ သာသနဂ္ဂဟ သာသနာတော်မြတ်အကျိုးကို ရည်သန်ကာ ဝဋ်သုံးပါးကို အပြစ်မြင်၍၊ ဝဋ်မှ တကယ် ကျွတ်လွတ်ချင်သော ဆန္ဒဖြင့် ပြုကြသော ဒါနမှု, သီလမှုတို့သည်သာလျှင် ပါရမီသဒ္ဒါဖြင့် တွဲဘက်၍ ဒါနပါရမီ , သီလပါရမီ စသည်ဖြင့်၊ ရေတွက်အပ်သော ဘုရားကြိုက်, သံဃာကြိုက် ပုထုဇဉ် အရူးအကန်းတို့နှင့် လားလားမျှ မထိုက်သော အရိယာသာဝကတို့၏ အမတလမ်းစဉ် ဖြစ်ပါသည်။

ဤမျှဖြင့် - ဆားခါး နှင့် သကြား အသွင်တူကြ သော်လည်း အရသာ ကွဲပြားသကဲ့သို့ , ရှေ့ တာပသ သာသနာပတို့၏ ပုည ကိရိယဝတ္ထုလာ ဒါနသီလနှင့် မြတ်ဗုဒ္ဓ၏ ပါရမီဆယ်ပါးလာ ဒါနပါရမီ သီလပါရမီ စသည်တို့၏ အသွင်တူ အမှုကွဲပြားကြောင်း၊ ဝိသဓမ္မ ဩရမ္ဘာဂိယ ဝဋ္ဋနိဿိတ ဝဋ်မျိုးစေ့ ဒါန သီလ စသည်တို့ကို

ဘုရားကိုယ်တော်တိုင် အကြိမ်ကြိမ် အဖန်ဖန် ပြင်းပြင်း ထန်ထန် တားမြစ်တော်မူကြောင်း ပါရမီဆယ်ပါးသည်သာလျှင် ဘုရားဟော အမှန်ဖြစ်ကြောင်း ကောင်းကောင်းကြီး သိလောက်သင့်ပါပြီ။

## ဗာလတို့၏ စွပ်စွဲခြင်းကို ရှင်းလင်းချက်

လူပေး , သူပေး , သူများကြွေးမှ ဝမ်းဝမည့် ဘဝ၌ ကျရောက်နေကြသော အန္ဓဗာလ တစုတို့ကား.... မိမိတို့ ဝမ်းရေး အတွက် ရတက်မအေး ဖြစ်ခါ – ဒါနကို ပယ်သည်, သီလကို ပယ်သည် ဟု မသတီစရာ ဗမာပြည်တလွှား၌ အရမ်းမဲ့ ဝါဒဖြန့်စကား လွှင့်ခဲ့ကြသည်၊ ထို့ကြောင့် - ဒါနသီလကို ပယ်ရန် မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ဟောညွှန်တော်မူခဲ့သော ဗုဒ္ဓမိန့်တော်သံများကို ထုတ်ညွှန်လိုက်ပါဦးအံ့။

**ကုသိုလ် အကုသိုလ် တို့ကို ပယ်စွန့်ရန် - ဗုဒ္ဓ မိန့်တော်သံ။**
ဝိသံဓမ္မံ သမာဒါယ ဘိက္ခု ဟောတိ နတာဝတာ၊ ယောစ ပုညဉ္စ ပါပဉ္စ ဗာဟိတွာ ဗြဟ္မစရိယံ စရတိ ( ဓမ္မပဒပါဠိတော် ဘိက္ခုဝဂ်) ဗမာပြန်-အာရုံငါးပါး ကာမဂုဏ်တရားတို့၌ တပ်နှစ်သက်မှု ကာမတဏှာ၊ လက်ရှိ အတ္တဘောခန္ဓာ၌ တွယ်တာမှု ဘဝတဏှာ နောင်တဖန် ဘဝသစ်၌ ဖြစ်လိုမှု ဝိဘဝတဏှာ၊ ဤ တဏှာသုံးတန် အဆိပ်ထန်သော သံသရာသုံးထွေ အဆိပ်ရေ (ဝိသဓမ္မ)တွေကို သောက်နေသော ပုဂ္ဂိုလ်မျိုးသည်၊ အိမ်စဉ် လှည့်ပတ် တောင်းစားတတ်ကာမျှဖြင့်၊ ငါဘုရား၏ သားတော်စစ် . သမီးတော်စစ် ဘိက္ခု မဖြစ်ချေ၊ တဏှာသုံးတန်အဆိပ်ထန်သောလောကီကုသိုလ်အဆိပ်အကုသိုလ် အဆိပ် နှစ်မျိုးလုံးကို ပယ်စွန့် ထွေးအံ၍ (ပုညဉ္စ ပါပဉ္စ ဗာဟိတွာ ဗြဟ္မစရိယံ စရတိသဝေ ဘိက္ခုတိ ဝုစ္စတိ) ဘဝသုံးသွယ် ဒုက္ခနယ်မှ



လွတ်မြောက်ကြောင်း ကေန်ဖြစ်သော ( ဗြဟ္မစရိယ ) အရိယာ ကျင့်စဉ်မြတ်ကို ကျင့်ကြံသော ပုဂ္ဂိုလ်မြတ်ကိုသာလျှင်၊ ငါဘုရား၏ သားချစ်, သမီးချစ် ဘိက္ခုအစစ်ဟု ခေါ်ထိုက်သည်။

အဆိပ်မျိုး ဝိသဓမ္မဆိုသည်ကား ပုည၊ လောကီတာပသ သာသနာပ ရသေ့တို့၏ ကျင့်စဉ်ဖြစ်သော ပုညကိရိယ ဝတ္ထုဆယ်ပါးနှင့် ပါပ၊အကုသိုလ်ဆယ်ပါးဖြစ်သည် ကံ ၂၉ ပါးဟုလည်း ခေါ်နိုင်၏။

အဆိပ်ကို စားလျှင် သေတတ်သကဲ့သို့၊ အဆိပ်မျိုး ဝိသဓမ္မ ဖြစ်သော လောကီကုသိုလ် , အကုသိုလ်ကံ ၉ ပါး (အဘိသင်္ခါရမာရ်)များကို ပြုမှား လိုက်စားမိကြသဖြင့် သံသရာတခွင် တက်တက်စဉ်အောင်၊ ကုသိုလ်, အကုသိုလ်အဆိပ်သင့်၍ အို, နာ, သေ, ပျောက် ဒုက္ခရောက်မဆုံး တအုံးအုံး တကြွက်ကြွက်၊ ကုသိုလ်, အကုသိုလ် အဘိသင်္ခါရမာရ် နှိပ်စက် နေသည်ကို၊ ကိုယ်တော် တိုင်လည်း အရဟတ္တမဂ်ဉာဏ်ကိုမပိုင်မီက အကြိမ်ကြိမ်ခံတော်မူခဲ့ဘူးလှ၊ ခံနေကြရသော – ဒုက္ခိတ သတ္တဝါတွေကို မြင်တော်မူရသဖြင့်၊ မဟာကရုဏာတော်သခင် ဘုရားရှင်က (ပုညဉ္စ ပါပဉ္စ ပါဟိတွာ)ကုသိုလ်ရော အကုသိုလ်ရော သေစေတတ်သော ဝိသဓမ္မအဆိပ်မျိုး ဟူသမျှကို ပယ်စွန့်ကြပါဟု ဟောတော်မူခဲ့ပါလျက်ကယ်နှင့် ဗုဒ္ဓနှင့် ဆန့်ကျင်ဘက် ဗုဒ္ဓအား-ခုခံငြင်းခုန် အတွင်းသူပုန်ထကာ ဒါနကိုပယ်သည် သီလကိုပယ်သည်ဟု အရမ်းစွပ်စွဲဝန့်ကြသည်မှာ ဝင်းရေးအတွက် စိုးရိမ်ချက်ကြောင့် ဗုဒ္ဓရှင်တော်မြတ်အား – ကလော်ဆဲကြခြင်းသာ ဖြစ်လေသည်။

**ပုညကိရိယ ဝတ္ထုဆယ်ပါး သာသနာတော်တရား မဟုတ်ပုံ၊**
ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန , ပတ္တာနုမောဒနာ,ဓမ္မဿဝန,ဓမ္မဒေသနာဒိဋ္ဌိဇုကမ္မ၊ ဤဆယ်ပါးသော

ကမ္ဘာ့စဉ်လာ ကမ္ဘာ့တန်ဆာ ဘုံသုံးပါးမှ လွတ်မြောက်ကြောင်း မဟုတ်သော တုစ္ဆတရားများသည် ငါဘုရား၏ အဆုံးအမ ဓမ္မဝိနယ သတ္ထုသာသနာ့ဘုရား မဟုတ်ဟု မိထွေးတော် ဂေါတမီ၏ လျှောက်ထားချက်ကို ဖြေကြားရာတွင် )နေသော ဓမ္မော နေသော ဝိနယော၊ နေတံ သတ္ထုသာသနံ) အစရှိသည် ရှင်းလင်း ဟောပြတော်မူခဲ့ပါသည်။ (အဋ္ဌနိပါတ် အင်္ဂုတ္တိုရ်ဂေါတမီဝဂ်)

**လူသတ်သမား လူမိုက်များ။** ငါးစာကိုသာ မင်၍ ငါးများချိတ်ကို မမြင်သော ငါးမိုက်ကဲ့သို့၊ အို- နာ- သေရေး အပါယ်ဘေးစသော ငါးများချိတ်ကို မမြင်ဘဲ ငါးဖြာအာရုံ ကာမဂုဏ် ငါးစာကိုသာ မင်နေကြသော အန္ဓပုထုဇဉ်မိုက်တို့အား၊ ယာဝတာဝ ဖြင့် မျက်လှည့်ပြကာ လူ့စည်းစိမ် နတ်ချမ်းသာဟု ထင်မှတ်လာအောင် (ဒိဋ္ဌိဇုကမ္မ) ငါးစာဖြင့် ဖြားယောင်း သွေးဆောင်၍ နတ်ရွာကို ဘုံနှင့် မြောက်သကဲ့သို့ မြောက်ပင့်ကာ ပုညကိရိယ ဝိသမ္မ အဘိသင်္ခါရ ဩရမ္ဘာဂိယ ကျင့်စဉ်မျှဖြင့် စားလမ်းထွင်နေကြသည့် နတေနဘိက္ခု ဗာလာနဘစုတို့ကား နွားသတ် ဝက်ထိုး သူခိုး ဓါးပြထက်ဆိုးသော လူသတ်သမား ခေါင်းဆောင်များသာ ဖြစ်ကြကုန်၏။

အဘယ်ကြောင့်နည်း ဆိုသော် — နွားသတ်, ဝက်ထိုး, လူဆိုး လူယုတ်တို့သည် - တိရစ္ဆာန်ကိုသာ သတ်ဖြတ်ကြ၍ ဖေါ်ပြခဲ့သော နဘိက္ခု အသမဏတို့ကား - နိယျာနိက မြတ်ဗုဒ္ဓ သာသနာတော်မြတ်ကြီးကို၊ တိုက်ရိုက် ဖျက်ဆီးသော သာသနာ့ အတွင်းသူပုန် သာသနာ့လောက်ကောင်အကြီးစားများဖြစ်ကြသည့်အပြင် သတ္တဝါအနန္တတို့အား- နိယျာနိက လက်ရှိ မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်နှင့် လွဲချော်စေကာ သံသရာတလျှောက်လုံး သေ၍ အဆုံးမသတ်နိုင်အောင်၊ သတ်ဖြတ်နေကြသော လက်မရွံ့ လူသတ်သမား အကြီးစားများ ဖြစ်ကြသောကြောင့်ပေးတည်း။



အသေဝနာစ ဗာလာနံ ပုဒ်အရ မမှီဝဲအပ်သော လူမိုက်များဆိုသည်မှာ ဤသံသရာလူသတ်သမား ဗာလာနများပင်ဖြစ်လေသည်။

**နိယျာနိက ဩဝါဒကထာ မြတ်ဗုဒ္ဓ ဒေသနာ။** ချစ်သမီး ချစ်သား ဘိက္ခုများတို့၊ သင်တို့အား အလွန် ခွန်အားကောင်းသော လက်မရွံ့ လူသတ်ယောကျ်ားက အတင်းအကြပ် ဖမ်းကိုင်၍ အလျှံပြောင်ပြောင် တောက်လောင်နေသော မီးပုံထဲသို့ ပစ်ချရန် — ကြံစီပြုလုပ်ခဲ့သော် - သင်တို့သည် ထို လူသတ်သမားလက်မှ လွတ်မြောက်ရန် အစွမ်းကုန်ကြိုးစားကြမည်မဟုတ်လော အဘယ်ကြောင့်နည်း၊ မီးပုံထဲသို့ အချခံရလျှင်-သေလောက်အောင်သော်လည်း ဆင်းရဲမည်၊ သေသော်လည်း -သေမည်ကို သိမြင်သောကြောင့် မဟုတ်လော၊ ချစ်သား ချစ်သမီးတို့ ပကတိ လူသတ်သမားထက် တဏှာသုံးတန် အဆိပ်ထန်သော ကုသိုလ်ကံ , အကုသိုလ်ကံ အဘိသင်္ခါရမာရ် လက်မရွံ့ လူသတ်သမားသည် သာ၍ ကြောက်စရာ ကောင်းလှ၏၊ ထို အဘိသင်္ခါရမာရ် ကုသိုလ်, အကုသိုလ် လက်မရွံ့ လူသတ်သမား လက်မှ လွတ်အောင် ရုန်းထွက်ကြပါလေဟု အဘိသင်္ခါရ ကုသိုလ်, အကုသိုလ်၏ အာဒီနဝကို မြတ်ဗုဒ္ဓက ဥပမာနှင့်တကွ, ကျကျနန တစ်တစ် ခွခွ ရှင်းပြတော်မူခဲ့ပါသည်။

ချစ်သမီး ချစ်သား- ဘိက္ခုများတို့၊ ဥပမာအားဖြင့် စားဘွယ်သောက်ရာ ထမင်း ယမကာထဲသို့၊ အနည်းငယ်မျှသော မစင် ဘင်ပုပ် စက်ဆုတ် ဘွယ်ရာ ကျရောက်ပါက၊ စားသောက်ဘွယ် ဟူသမျှ အကုန်လုံး စွန့်ပစ်ရသကဲ့သို့၊ ထို့အတူ အိုနာသေ ပျောက်ဒုက္ခ ရောက်မဆုံး ဒုက္ခတုံး ဒုက္ခခဲအတိ စက်ဆုတ်ဖွယ်ချည်း ပြည့်လျက်ရှိသော ဘဝ၌ တဖန် အသစ်ဖြစ်ရမှုကိုလည်း မစင်ဘင်ပုပ်နည်းတူ ငါဗုရား ချီးမွမ်းတော်မမူ ဟူ၍လည်း ဟောတော်မူခဲ့ပါသည်၊ ဤကား- မြတ်ဗုဒ္ဓ၏ နိယျာနိကကထာ ဒေသနာတော်အမြွက်မျှ ဖြစ်ပါသည်။



Generated by CamScanner from intsig.com

## နိဗ္ဗာန်အဓိပ္ပါယ် သိမှတ်ဘွယ်

ဗုဒ္ဓဘာသာအမည်ခံ သူတို့သည် နိဗ္ဗာန်၏ ဟုတ်မှန်သော သဘာဝတ္တကို အနုမာန မှန်းဆ၍မျှ သိသူနည်းကြသော်လည်း နိဗ္ဗာန်ဟူသော အမည်နာမ ( ပညတ်နိဗ္ဗာန် ) မျှကိုကား လူတိုင်း သိကြသည်၊ သို့ရာတွင်— ပါရလည်း နိဗ္ဗာန်၊ နိဗ္ဗာန့်လည်း ပါရဟု သိသူကား နည်းပါးကြပေ လိမ့်မည်၊ နိဗ္ဗာန်ကို မဂဓဘာသာ၌ အမည်အမျိုးမျိုး ပြကြသည်၊ ပါရသည် နိဗ္ဗာန်ဖြစ်ပုံကို ပါရမီ အဓိပ္ပါယ်၌ အမြွက်မျှ ပြခဲ့ပြီ၊ နိဗ္ဗာန်ကို ဒုက္ခအာ.လုံးတို့၏ ကုန်ရာဖြစ်၍ ဒုက္ခက္ခယ ဟုလည်း ခေါ်ကြသည်၊ ပဋိသန္ဓေနေမှု မရှိရာ ဖြစ်၍ အဇာတိဟူ၍၎င်း အိုမှုမရှိရာဖြစ်၍ အဇရာဟူ၍၎င်း နာမှုကင်းရာ ဖြစ်၍ အဗျာဓိဟု၎င်း သေမှုကင်းရာဖြစ်၍ အမတဟူ၍၎င်း ဒုက္ခ အမျိုးမျိုး၏ ချုပ်ငြိမ်းရာဖြစ်၍ ဒုက္ခ၏ အမည်အမျိုးမျိုးနှင့်တွဲကာ နိဗ္ဗာန့်၏ အမည်ပညတ် ( ပညတ်နိဗ္ဗာန် ) တွေလည်း အမျိုးမျိုး ကွဲပြားရလေသည်။

**နိဗ္ဗာန်ကို ရှုံ့မုန်းသူ။** လူ – နတ် – ဗြဟ္မာ – ဝဋ်သစ္စာတွေကို၊ လူချမ်းသာ နတ်စည်းစိမ်ဟု ထင်မှတ်မှု အစွဲပြင်းထန်သော သူသည် ပါးစပ်က လူကြားကောင်းရုံမျှ နိဗ္ဗာန်ရပါလို၏ဟု ဘယ်လိုပင် ဟန်လုပ်၍ ဆုတောင်းသော်လည်း ဒါန သီလ သမထတွေ ဘယ်လိုပင် လုပ်သော်လည်း ဝဋ်သစ်ငုတ် ထိုအဝိဇ္ဇာသမားသည် – နိဗ္ဗာန်ကို တကယ်လိုလားသူ မဟုတ်ပါ၊ နိဗ္ဗာန့်၏တန်ဘိုး၊ နိဗ္ဗာန့်၏ ဝိမုတ္တိ အရသာ နိဗ္ဗာန်၏ချမ်းသာပုံကိုလည်း သူမယုံကြည်ပါ သူနားလည်တာ သူလိုချင်နေတာက- လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာ တွေကိုသာဖြစ်ပါသည်၊ ထို့ကြောင့် လူမိုက်တိရစ္ဆာန် နိဗ္ဗာန့်စကား အလွန် ခါး၏ဟုပင် ဆိုရိုးရှိခဲ့ပါသည်။



**နိဗ္ဗာန်ကို တကယ် မျက်မှောက်ပြုလိုလျှင် –** ဒုက္ခက္ခယ ပါရ နိဗ္ဗာန့်၏သဘောသကန် သဘာဝတ္တအမှန်ကို တကယ်သိလို,မြင်လို မျက်မှောက်ပြုလိုပါလျှင် ပါးစပ်ညောင်း,အာညောင်းခံ၍ဆုတောင်း မနေပါလေနှင့် ဆုတောင်းနေ၍ သေသည့်တိုင်အောင် မရပါ၊ နိဗ္ဗာန်ကို မျက်မှောက် ပြုချင်လျှင် ရှေးဦးစွာ နိဗ္ဗာန်၏ ဆန့်ကျင်ဘက် ဖြစ်သော နိဗ္ဗာန်ကို မမြင်နိုင်အောင် ဖုံးကွယ်ထားသော နိဗ္ဗာန်၏ ဆန့်ကျင်ဘက်ဖြစ်သည့် သံသရာ စက်ရဟတ်ကြီးတခုလုံး၏ သုခဟူ၍ အနုမြူမျှမရှိ၊ ဒုက္ခအတိဖြစ် နပုံကို မိမိရရသိမြင်အောင် ကြိုးစားရပါမည်၊ ထို့ကြောင့် ဤစာအုပ်ငယ်၌ အစ အလယ် အဆုံး သုံးပါးလုံးတွင် အကြောင်းသင့်တိုင်း ဗုဒ္ဓ အလိုတော်ကျ သံသရာ၏ အပြစ်ကိုချည်း ဖွင့်ဆိုခဲ့ပါသည်။

မီးကို ပူမှန်း လောင်မှန်းမသိသေးသော ကလေးမိုက်သည် မီးကို ကိုင်မိ၍ မီးလောင်ခံရသည်၊ ပူမှန်း လောင်မှန်းသိသော လူကြီးကား မီးကိုမကိုင်၊ မကိုင်မိ၍ မီးလောင်မခံရ၊ ထို့အတူ ကလေးမိုက်နှင့် တူသော အန္ဓပုထုဇဉ်မိုက်သည်လည်း သံသရာဒုက္ခ၏ပူလောင်မှုကို မသိ မသိ၍ ဘဝကို တောင့်တသည် တောင့်တ၍ ရရှိသည် ရရှိ၍ ပူလောင်ခံရပြန်သည်၊ လူကြီးနှင့် တူသော အရိယာသာဝက ဗုဒ္ဓ၏ တပည့်မြတ်များကား.... ဗုဒ္ဓ၏ အဆုံးအမတော်ကြောင့် သံသရာ၌ ဖြစ်ရမှုကို ပကတိမီးထက် ကြောက်စရာ ကောင်းကြောင်း ကောင်းကောင်းကြီး သိမြင်ကြသည်၊ သိ၍ ဘဝသစ်ကို မလိုလား မတောင့်တ၊ ထို့ကြောင့် မီးလွတ်ရာ ဒုက္ခက္ခယ ပါရနိဗ္ဗာန့်သို့ ဆိုက်ရောက်ကြသည်၊ မီး၏ ပူလောင်မှု ဒုက္ခ ကြီးမားပုံကို သိသည်နှင့် အမျှ မီးလောင်မှုမရှိခြင်း၏ သုခ ကြီးမားပုံကို သိနိုင်သကဲ့သို့၊ သံသရာစက်၏ ဒုက္ခကြီးမားပုံကိုသိမြင်သည်နှင့်အမျှ ထိုဒုက္ခမှလွယ်ရာ(နိဗ္ဗာန်)၏ ချမ်းသာပုံကို သိနိုင်မည် ဖြစ်ပါသည်။

Generated by CamScanner from intsig.com

## သိ – ပယ် – ဆိုက် – ပွါး – လေးပါးကိစ္စဖြင့် နိဗ္ဗာန်ကို အပိုင်ရပုံ

မြတ်ဗုဒ္ဓ၏ နိယျာနိက သာသနာတော်မြတ်တွင်- အမှန်တရား (သစ္စာ) လေးပါး ရှိသည့်အနက်၊ ဝဋ်သစ္စာဖြစ်သော သံသရာတရား အားလုံးတို့၏ မမြဲပုံ မမြဲသဖြင့်၊ ချမ်းသာမရှိ ဆင်းရဲအတိ ဖြစ်ပုံ၊ မြဲလည်း မမြဲ ချမ်းသာမှုလည်း ကင်းဝေလှသဖြင့်၊ အစိုးမရ အနှစ်သာရ ကင်းမဲ့ပုံ စသည်တို့ကို ပိုင်းခြားထင်ထင် သိမြင်လာအောင် သံသရာ၏ အပြစ်များကို များများကြီး ဟောပြမှု , များများကြီး ဆင်ခြင် သုံးသပ်မှုသည် အဓိကလုပ်ငန်း ဖြစ်ပါသည်၊ ( ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပါဒေထ ) သင်္ခါရ ရုပ်နာမ်တို့၏ မမြဲပုံ , ပျက်စီးချုပ်ပျောက်ပုံကို မမေ့မလျော့ မပေါ့သောသတိဖြင့် ဆင်ခြင်မှု ရှိရစ်ကြ ဟု အမိ , အဘ သေခါနီးတွင် အရေး အကြီးဆုံးသော စကားကိုမှာကြားသကဲ့သို့ ပရိနိဗ္ဗာန်ဝင်စံတော်မူခါနီးတွင်-အရေးတကြီး မှာခဲ့သည်မှာလည်း သင်္ခါရ ရုပ်နာမ်တို့၏ မမြဲပုံကိုမြင်မှ ထိုသင်္ခါရတို့၏ ဆင်းရဲပုံ ချမ်းသာသုခ အနှစ်သာရ အဘ္ဘ ကင်းပုံကို မြင်မည်၊ ထိုသို့ မြင်သိမှ ဒုက္ခဖြစ်ကြောင်း(သမုဒယ)ဥပါဒါန် ပယ်ပြတ်မည်၊ ထို သမုဒယဥပါဒါန် ဆန္ဒပြတ်မှ ထို သင်္ခါရဒုက္ခတို့နှင့် လုံးဝ ဆက်စပ်မှုမရှိသော ဒုက္ခအားလုံးတို့၏ ကုန်ဆုံးချုပ်ပျောင်ရာ ဒုက္ခဟူသမျှမှ လွတ်မြောက်ရာဖြစ်သော သံသရာဟိုဘက်ကမ်း ပါရ နိဗ္ဗာန် နိရောဓသစ္စာမှန်ကို မျက်မှောက်ထင်ထင် သိမြင်ထွင်းဖေါက် ဆိုက်ရောက်နိုင်မည်၊ ထိုသို့ သိမြင် ဆိုက်ရောက်ကြောင်းမဂ္ဂသစ္စာ ပွါးများပါဆိုသည်မှာလည်း သန္တိသုခ နိရောဓပါရ နိဗ္ဗာန်ကို မမြင်နိုင်အောင် ဖုံးလွှမ်းလျက်ရှိသော သံသရာဒုက္ခကို ကျကျနန သိရေးသာ လိုရင်းဖြစ်ပါသည်။

ထို့ကြောင့် – နိယျာနိက မြတ်ဗုဒ္ဓ၏ သာသနာတော် မြတ်၌ လိုရင်း အကျဆုံးဖြစ်သော စကားတော်ကို နောက်ဆုံး ပစ္ဆိမဝစန အဖြစ်ဖြင့် – ထီးမှာ ခရိုင် ချုပ်သကဲ့သို့ ဥဿျောင်ကိုင် သဘော နောက်ဆုံး မှာကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

**ကျမ်းဆရာ၏ အာသီသ နိဂုံးစကားရပ်။** ဤမျှဖြင့် ပြုပြုသမျှ ပါရမီဖြစ်ကြပြီးလျှင်၊ အမတပြည်ခွင် ဝင်စံ နိုလ္လုံနိုင်ကြောင်း သိ-ပယ်-ဆိုက် ပွါး လေးပါးကိစ္စ အပိုင်ရအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

မြတ်စွာဗုဒ္ဓ မိန့်ဟလှစ်ကြူ။ နောက်ဆုံးစကား မှာကြားတော်မူ။
ရုပ်နာမ် သင်္ခါရ ဝယအမူ။ သတိထား စဉ်းစားရစ်ကြဟူ။
ဗုဒ္ဓမြတ်စွာ သာသနာ–ရောင်ဝါနေသို့ ထွန်းပါစေ။
ရတနာသုံးဖေါ် ဂုဏ်တေဇော် ဘဝဂ်ကျော်အောင် လွှမ်းပါစေ။
ပါရမီဆယ်တန် အရင်းခံ -နိဗ္ဗာန်တံခါး ပွင့်ပါစေ။
လူမိုက်အနန္တ အကုန်ပ-ကလျာဏ ဖြစ်ပါစေ။
နွယ်အရိယာ သူတော်စွာ-အာဏာတန်ခိုး တိုးပါစေ။
မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန့်မြင် သူတော်စင်ချည်း ဖြစ်ပါစေ။
နှစ်ပေါင်းသင်္ချာ မရေသာ- ခေမာဉ်လမ်း ဖြောင့်ပါစေ။

**ဆရာထွေး**

**အရိယာဝံသ သာသနာပြု ဓမ္မကထိက**

ပုလိပ်ကားဆိပ် စဉ့်ကိုင်မြို့နယ်-ကျောက်ဆည်ခရိုင်။

၁၃၂၅ - ခု နတ်တော်လ။

**အလှူဒကာ၏ ဆုတောင်း**

ငွေ ကုသိုလ် အကျိုးအားကြောင့် လျှင်မြန်သောအသိ၊
ထက်မျက်သောဉာဏ်နှင့် နိဗ္ဗာန် မဂ်ဖိုလ်ကို ရောက်ရပါလို၏။

Generated by CamScanner from intsig.com

အလှူ့ဒါယကာ, ဦးအုပ် - ဒေါ်စော၊

။ ဦးကံညွန့် - ဒေါ်ခွေးဖြူ၊

။ မောင်ကံထွန်း - မတင်မြင့်

ကောင်းမှု။

စာအုပ်ရေ - ၁၅၀၀

ကျော်ပုံနှိပ်စက်၊ကွမ်းခြံ-မန္တလေး။ (၀၀၇၆)

Generated by CamScanner from intsig.com